# ပြန်ကြားရေးဝန်ကြီးဌာန
## မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ရုံးသုံး/လုပ်ငန်းသုံး စက်ကိရိယာများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ ရုံးသုံး/လုပ်ငန်းသုံး စက်ကိရိယာ ပစ္စည်း(၅) မျိုးကို (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူမည်ဖြစ်ပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| 1 | Air Conditioner (1HP Split Type, R32, Inverter) | 2 Nos |
| 2 | Desktop Computer (i7 13th gen) | 2 Nos |
| 3 | Colour Printer (InkJet) | 1 No |
| 4 | Laser Printer (A4) | 2 Nos |
| 5 | Document Scanner | 1 No |

၂။ အိတ်ဖွင့်တင်ဒါများကို (၁၉-၅-၂၀၂၅) ရက်နေ့မှ (၂-၆-၂၀၂၅) ရက်နေ့အထိ နေ့စဉ်နံနက် (၀၉း၃၀) နာရီမှ (၁၆:၀၀) နာရီ ရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာများတွင် တစ်စောင်လျှင် ငွေကျပ်(၂,၀၀၀/-)နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံများ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီ၏ မှတ်ပုံတင်ကတ်ပြား (သို့မဟုတ်) လုပ်ငန်းလိုင်စင်မိတ္တူ တင်ပြရပါမည်။

၃။ အိတ်ဖွင့်တင်ဒါများကို တင်သွင်းရာတွင် စံချိန်စံညွှန်းအဆိုပြုလွှာ (Specification & Catalogue Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) များကို သီးခြားစီခွဲ၍ (၃-၆-၂၀၂၅) ရက်နေ့ (၀၉း၃၀) မှ (၁၆:၃၀) နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးအမှတ်(၇) နေပြည်တော်သို့ နောက်ဆုံးထား လာရောက် ပေးသွင်းကြရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်း စဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါအာမခံကြေးအဖြစ် တင်ဒါတစ်ခုချင်းစီ တင်ဒါတင်သွင်းမည့် ပစ္စည်း တန်ဖိုး (၁%) အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုမှ P.G (Performance Bank Guarantee) ပြုလုပ်ထားသည့် မိတ္တူတစ်စောင်နှင့်အတူ ပေးသွင်းရမည် ဖြစ်ပါသည်။

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း ၀၆၇- ၃၄၁၂၈၆၀၊ ၀၆၇-၃၄၁၂၈၆၂ တို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၆။ အဆိုပါ အိတ်ဖွင့်တင်ဒါများကို (၃-၆-၂၀၂၅) ရက်နေ့ (၁၆း၃၀) နာရီတွင် နောက်ဆုံးထား၍ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးနှင့်ဘဏ္ဍာရေးဌာနခွဲ၊ ရုံးအမှတ်(၇)၊ နေပြည်တော်သို့ **(လူကိုယ်တိုင်)** လာရောက် ပေးသွင်းရန်ဖြစ်ပါသည်။

| | |
|---|---|
| **တင်ဒါပုံစံများ ထုတ်ယူရန်လိပ်စာ** | **တင်ဒါတင်သွင်းရန် လိပ်စာ** |
| **မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန** | **ပြည်တွင်း/ပြည်ပပစ္စည်းများ ထုခွဲရောင်းချရေးကော်မတီ** |
| **ပြန်ကြားရေးဝန်ကြီးဌာန** | **မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန** |
| **ရုံးအမှတ်(၇)၊ နေပြည်တော်** | **ပြန်ကြားရေးဝန်ကြီးဌာန** |
| **ဖုန်း ၀၆၇-၃၄၁၂၈၆၀** | **ရုံးအမှတ် (၇) ၊ နေပြည်တော်** |
| | **ဖုန်း ၀၆၇-၃၄၁၂၈၆၀** |